# အရည်အသွေးအခြေပြုသုတေသနရှိ အင်တာဗျူးနည်းစနစ် (၄) ခု ၏ အားသာချက်များ နှင့် အားနည်းချက်များ*

Raymond Opdenakker

အဓိကစကားလုံးများ – အင်တာဗျူးများ၊ ကွန်ပျူတာအခြေပြု ဆက်သွယ်မှု (CMC)၊ လူချင်းတွေ့ဆုံ အင်တာဗျူး၊ အီးမေးလ် အင်တာဗျူး၊ မိုက်ခရိုဆော့ ကွန်ယက်အခြေပြု မက်ဆင်ဂျာ အင်တာဗျူး၊ တယ်လီဖုန်း အင်တာဗျူး

အကြောင်းအရာအကျဉ်းချုပ် – လူချင်းဆုံတွေ့ အင်တာဗျူးခြင်းများသည် အရည်အသွေးအခြေပြု သုတေသန နယ်ပယ်တွင် ကြာရှည် လွှမ်းမိုးထားသည့် အင်တာဗျူးနည်းစနစ်ဖြစ်သည်။ ယခင် ဆယ်စုနှစ် နှစ်ခုတာ ကာလအတွင်း တယ်လီဖုန်းဖြင့် အင်တာဗျူး မေးမြန်းခြင်းအား ပိုမို အသုံးများ လာကြသည်။ ကွန်ပျူတာ အခြေပြုဆက်သွယ်မှု (ဥပမာ အီးမေးလ်နှင့် ချက်ဘောက်များကဲ့သို့) ဆက်သွယ်မှုပုံစံ အသစ်များ တရှိန်ထိုး တိုးတက်ပြောင်းလဲလာခြင်းကြောင့် အရည်အသွေးအခြေပြု သုတေသန နယ်ပယ်တွင် အခြားအင်တာဗျူးမေးမြန်းသည့် နည်းစနစ်များ စတင်မိတ်ဆက် အသုံးပြု လာနိုင်ကြသည်။

လက်တွေ့တကယ်မတည်ရှိဘဲ နည်းပညာဖြင့် တည်ရှိသည်ဟု ဖန်တီးထားသည့် လောက (ဗာကျူရယ်) ရှိ အဖွဲ့များ၏ နယ်ပယ်ရှိ လေ့လာမှုတစ်ခုအတွက် အဓိကသတင်းပေးသူကို အင်တာဗျူးရန် သာမက လူချင်းဆုံတွေ့အင်တာဗျူးရန်အတွက် ဖြစ်နိုင်ချေရှိသည့် ဆက်သွယ်မှု အမျိုးမျိုးအား စာရေးသူက အသုံးပြုခဲ့သည်။ ဤဆောင်းပါးတွင် လူချင်းတွေ့ဆုံ အင်တာဗျူးခြင်း၊ တယ်လီဖုန်းဖြင့် အင်တာဗျူးခြင်း၊ အီးမေးလ်ဖြင့် အင်တာဗျူးခြင်း နှင့် မိုက်ခရိုဆော့ ကွန်ယက် အခြေပြု (MSN) စာတိုပို့စနစ်/မက်ဆင်ဂျာ ဖြင့် အင်တာဗျူးခြင်းတို့၏ အားသာချက်နှင့် အားနည်း ချက်များကို နှိုင်းယှဉ်လေ့လာသွားမည် ဖြစ်သည်။ တယ်လီဖုန်းအင်တာဗျူးနှင့် မိုက်ခရိုဆော့ ကွန်ယက်အခြေပြု မက်ဆင်ဂျာအင်တာဗျူးတို့အား နှိုင်းယှဉ်ခြင်းကို ထည့်သွင်းခြင်းဖြင့် ဤဆောင်းပါး၏ လေ့လာမှုနယ်ပယ်သည် BAMPTON နှင့် COWTON (၂၀၀၂ ခုနှစ်) တို့ ရေးသားသည့် ဆောင်းပါးထက် ပိုမို ကျယ်ပြန့်သည်။

## ၁။ နိဒါန်း

အရည်အသွေးအခြေပြုသုတေသနအင်တာဗျူးအား “သရုပ်ဖော်ထားသည့် ဖြစ်ရပ်များ၏ အဓိပ္ပာယ်ကို အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ အင်တာဗျူးဖြေဆိုသူများ၏ ဘဝအကြောင်းအရာ ဖော်ပြချက်များအား စုဆောင်းသည့် ရည်ရွယ်ချက်ဖြင့် အင်တာဗျူးမေးမြန်းခြင်း” ဟု KVALE (1983, p.174) က အနက်အဓိပ္ပာယ် ဖွင့်ဆိုသည်။ အဆိုပါ ဖော်ပြချက်များအား ကောက်ယူခြင်းကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နိုင်ပြီး ၎င်းတို့အနက် လူချင်းဆုံတွေ့ အင်တာဗျူးများသည် အသုံးအများဆုံး ဖြစ်သည်။ လူချင်းဆုံတွေ့ အင်တာဗျူးများ (FtF) အပြင် တယ်လီဖုန်းဖြင့် အင်တာဗျူးမေးမြန်းခြင်းသည်လည်း ထင်ရှားကျော်ကြားလာသည်။ သို့သော် အင်တာနက်အသုံးပြု၍ အင်တာဗျူးမေးမြန်းခြင်းများသည်လည်း ပိုမို တိုးတက်လာသည်။ ကွန်ပျူတာနည်းပညာ တိုးတက်လာခြင်းကြောင့် ကွန်ပျူတာအခြေပြုဆက်သွယ်မှု (CMC) နည်းလမ်းများအားလုံးသည် တိုးတက်လာသည်။ ချိန်သားကိုက် (synchronous) (အချိန်နှင့် တပြေးညီ) နှင့် ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/သို့မဟုတ် နေရာအပေါ်မူတည် လက်ခံနိုင်သည့် (asynchronous) (အချိန်နှင့် နေရာအား အင်တာဗျူးမေးမြန်းသူက သတ်မှတ်နိုင်ခြင်းမရှိသော) အခြေအနေ နှစ်မျိုးစလုံးတွင် အချက်အလက်ပို့သူမှ တစ်ဦး သို့မဟုတ် လက်ခံသူ (လက်ခံသူများ) သို့ စာတို/

---

* ဘာသာပြန်- သစ်မင်းအိမ်

Original Document – Raymond Opdenakker, ‘Advantages and disadvantages of four interview techniques in qualitative research, Vol.7, No. 4, Art.11, September 2006

© Myanmar Translation Right – HRER Programme

မက်ဆေ့များအား အီလက်ထရွန်းနစ်ဖြင့် လွှဲပြောင်းသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု ကွန်ပျူတာ အခြေပြုဆက်သွယ်မှု (CMC) နည်းလမ်းအား အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ကွန်ပျူတာအခြေပြုဆက်သွယ်မှု (CMC) အတွက် အသုံးပြုသည့် ဥပမာ နည်းလမ်းများမှာ အီးမေးလ်နှင့် ချက်ဘောက် (မိုက်ခရိုဆော့ ကွန်ယက်အခြေပြု စာတိုပို့စနစ်) ဖြစ်ပြီး အင်တာဗျူး မေးမြန်းခြင်းအတွက် အသုံးပြုနိုင်သည်။ [၁]

ဖော်ပြပါ အင်တာဗျူးနည်းစနစ် (၄) မျိုးနှင့် ပတ်သက်သည့် အတွေ့အကြုံများကို ဥရောပသမဂ္ဂမှ ထောက်ပံ့သည့် လက်တွေ့တကယ်မတည်ရှိဘဲ နည်းပညာဖြင့် တည်ရှိသည်ဟု ဖန်တီးထားသည့် လောကရှိ (ဤနေရာမှ စ၍ နောင်တွင် ဗာကျူရယ် ဟုသာ ခေါ်ဝေါ်သုံးနှုန်းသွားမည် ဖြစ်သည်) အဖွဲ့များအကြောင်း သုတေသနဆောင်ရွက်စဉ် အတွင်း ရရှိခဲ့သည်။ ၎င်းအဖွဲ့များမှ အဖွဲ့ဝင်များသည် ဥရောပတစ်ခွင် ပျံ့နှံ့ရောက်ရှိသွားကြသည်။ ပထမနေရာတွင် စာရေးသူက လူချင်းဆုံတွေ့ အင်တာဗျူးကို တက်နိုင်သမျှ မေးမြန်းခဲ့သော်လည်း အချိန်နှင့် ငွေကြေး အခက်အခဲကြောင့် ဤနည်းလမ်းသည် အမြဲ မဖြစ်နိုင်ပေ။ ဗာကျူရယ်အဖွဲ့များအား သုတေသန ပြုနေစဉ်အတွင်း လူချင်းဆုံတွေ့အင်တာဗျူး လုပ်ဆောင်ရန် အခွင့်မသာသည့် နေရာများသည် အခြားဆက်သွယ်ရေး နည်းလမ်းများကို အားပေးခြင်းကြောင့် စာရေးသူအတွက် အခြားအင်တာဗျူးနည်းစနစ်များအသုံးပြုရန် အခွင့်သာစေသည်။ တယ်လီဖုန်းဖြင့် အင်တာဗျူးခြင်းကို ဆောင်ရွက်နိုင်ရန် အခွင့်သာသော်လည်း အင်တာဗျူးဖြေဆိုသူအားလုံးသည် ၎င်းနည်းလမ်းကို မကြိုက်နှစ်သက်ကြပေ။ “ငါတို့ အင်တာဗျူးကို ချက်ချင်းမက်ဆေ့ပို့စနစ်ဖြင့်လည်း လုပ်နိုင်ပါတယ်။ အင်တာဗျူးကို အချိန် တစ်နာရီကြာ လုပ်မယ်ဆိုပါက ဒီမက်ဆေ့ပို့ပြီး အင်တာဗျူးတဲ့နည်းက ပိုကောင်းပြီး ငါ့လုပ်ဖော်ကိုင်ဖက်တွေကိုလည်း အနှောင့်အယှက် နည်းနိုင်သည်။” ဤသုတေသန၏ အဓိက ဦးတည်ချက်မှာ တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်းဖြင့် မေးမြန်းမည့် အင်တာဗျူးများ ဖြစ်သည်။ [၂]

ဤဆောင်းပါးတွင် အင်တာဗျူးနည်းစနစ် (၄) မျိုးအား နှိုင်းယှဉ်လေ့လာထားပါသည်– လူချင်းဆုံတွေ့ အင်တာဗျူး များ၊ တယ်လီဖုန်းအင်တာဗျူးများ၊ မိုက်ခရိုဆော့ကွန်ယက်အခြေပြုမက်ဆင်ဂျာအင်တာဗျူးများ (ယခုမှစတင်ပြီး မက်ဆင်ဂျာအင်တာဗျူးဟု အတိုကောက် သုံးနှုန်းသွားမည် ဖြစ်သည်) နှင့် အီးမေးလ် အင်တာဗျူးများ ဖြစ်ကြသည်။ ဤဆောင်းပါး၏ အဓိက ဦးတည်လေ့လာထားသည့်အချက်မှာ အင်တာဗျူး နည်းလမ်း (၄) မျိုးသည် မည်သည့်ပုံစံဖြင့် တစ်ခုနှင့် တစ်ခု ကွဲပြားသနည်း ဆိုသည်အပေါ် လေ့လာထားခြင်း ဖြစ်ပြီး အားသာချက်များနှင့် အားနည်းချက်များကို ဖော်ထုတ်ထားသည်။ အခွင့်သာသည့်အချိန်တိုင်း စာရေးသူ၏ ကိုယ်ပိုင် အင်တာဗျူးများမှ အတွေ့အကြုံများကို တင်ပြသွားမည် ဖြစ်သည်။ [၃]

## ၂။ အင်တာဗျူးနည်းစနစ် (၄) မျိုး၏ အားသာချက်များနှင့် အားနည်းချက်များ

အင်တာဗျူးနည်းစနစ် (၄) မျိုးအား နှိုင်းယှဉ်လေ့လာသောအခါ တစ်ဖက်ရှိ အားသာချက်များနှင့် အားနည်းချက်များရှိ ခြားနားမှုများသည် အခြားတစ်ဖက်ရှိ အမြင်ရှုထောင့်များခြားနားမှုနှင့် ဆက်စပ်နေသည်။ အမြင်ရှုထောင့်များသည် *အချိန် နှင့်/သို့မဟုတ် နေရာ ချိန်သားကိုက် ဆက်သွယ်မှု* နှင့် *ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/သို့မဟုတ် နေရာ အပေါ်မူတည်၍ ဆက်သွယ်မှု* တို့အပေါ် မူတည်၍ ကွဲပြားခြားနားခြင်းပင် ဖြစ်သည်။ အဆိုပါအမြင်ရှုထောင့်များနှင့် ဆက်စပ်နေသည့် အင်တာဗျူးနည်းစနစ် (၄) မျိုးအကြောင်းအား ဇယား (၁) တွင် တင်ပြထားသည်။

| | အချိန် | နေရာ |
|---|---|---|
| အချိန် နှင့်/ သို့မဟုတ် နေရာ ချိန်သားကိုက် ဆက်သွယ်မှု | လူချင်းဆုံတွေ့ အင်တာဗျူး<br>မက်ဆင်ဂျာအင်တာဗျူး | လူချင်းဆုံတွေ့ အင်တာဗျူး |

| | | |
|---|---|---|
| ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/ သို့မဟုတ် နေရာအပေါ်မူတည်၍ ဆက်သွယ်မှု | အီးမေးလ် အင်တာဗျူး | အီးမေးလ်အင်တာဗျူး<br>မက်ဆင်ဂျာအင်တာဗျူး<br>တယ်လီဖုန်းအင်တာဗျူး |

ဇယား (၁) အချိန် နှင့်/သို့မဟုတ် နေရာ ချိန်သားကိုက် ဆက်သွယ်မှု နှင့် ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/သို့မဟုတ် နေရာအပေါ်မူတည်၍ ဆက်သွယ်မှုအပေါ်မူတည် ခွဲခြားထားသည့် အင်တာဗျူးနည်းစနစ် (၄) မျိုး

လူချင်းဆုံတွေ့ အင်တာဗျူးအား အချိန် နှင့်/သို့မဟုတ် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းနိုင်သည်။ မက်ဆင်ဂျာနှင့် တယ်လီဖုန်းအင်တာဗျူးများအား အချိန်ကိုက် ဆက်သွယ်မှုဖြင့် သတ်မှတ်သော်လည်း နေရာကိုက် ဆက်သွယ်မှု မဟုတ်ချေ။ အီးမေးလ်အင်တာဗျူးသည် ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/သို့မဟုတ် နေရာအပေါ် မူတည်၍ ဆက်သွယ် မေးမြန်းနိုင်သည်။ မက်ဆင်ဂျာနှင့် တယ်လီဖုန်းအင်တာဗျူးများသည် ဆိုင်ဘာ ဆက်သွယ်ရေး နယ်ပယ် (*cyberspace*) တွင် ချိန်သားကိုက် ဆက်သွယ်မှု ဖြစ်ကြောင်း ငြင်းချက်ထုတ်နိုင်သည်။ ဆိုင်ဘာ ဆက်သွယ်ရေးနယ်ပယ်အား “မည်သည့်နေရာ ဟူ၍ တိတိကျကျ မသတ်မှတ်ကြောင်း” အဓိပ္ပာယ်ဖွင့်ဆိုသည် (MORSE, 1998)။ ဗာကျူရယ်နေရာတွင် ဆက်သွယ်ခြင်းသည် လူချင်းဆုံတွေ့ အင်တာဗျူးကဲ့သို့ အမှန်တကယ် တွေ့ဆုံ ဆက်သွယ်ခြင်းထက် အခြား အားသာချက်နှင့် အားနည်းချက်များ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နေရာ ချိန်သားကိုက် ဆက်သွယ်မှုဆိုသည်မှာ လက်တွေ့မြေပြင်တွင် အမှန်တကယ်တွေ့ဆုံခြင်းဟု အဓိပ္ပာက် သက်ရောက်ပြီး ဗာကျူရယ်နေရာကို ဆိုလိုခြင်း မဟုတ်ပေ။ [၅]

အခြားတစ်ဖက်တွင်မူ အင်တာဗျူးနည်းစနစ် (၄) မျိုး၏ အားသာချက်နှင့် အားနည်းချက်များသည် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်မှု ရှိပါသည်။ [၆]

## ၂.၁။ လူချင်းဆုံတွေ့အင်တာဗျူးများ – အချိန် နှင့် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းခြင်း

ရှင်းလင်းတင်ပြပြီး ဖြစ်သကဲ့သို့ လူချင်းတွေ့ဆုံ အင်တာဗျူးများသည် အချိန်နှင့် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းခြင်းဖြင့် ဆောင်ရွက်သည်။ အခြား အင်တာဗျူးနည်းလမ်းနှင့် မတူညီဘဲ ဤကဲ့သို့ ချိန်သားကိုက် မေးမြန်းခြင်းကြောင့် လူချင်းတွေ့ဆုံ အင်တာဗျူးများသည် လူမှုရေးနိမိတ်ပြသင်္ကေတများ၏ အားသာချက်ကို ရရှိနိုင် သည်။ အင်တာဗျူးဖြေဆိုသူ၏ အသံ၊ လေယူလေသိမ်း၊ ကိုယ်အပြအမူ အစရှိသည်ကဲ့သို့ လူမှုရေးနိမိတ်ပြသင်္ကေတ များသည် အင်တာဗျူးမေးမြန်းသူအား အချက်အလက်အများအပြားကို ထပ်မံ ပေးနိုင်ပြီး ၎င်းအချက်အလက်များအား အင်တာဗျူးဖြေဆိုသူ၏ စကားဖြင့် ဖြေကြားချက်တွင် ပေါင်းစပ်ထည့်သွင်း နိုင်သည်။ ထို့အပြင် လူမှုရေးနိမိတ်ပြ သင်္ကေတများ၏ တန်ဖိုးသည် အင်တာဗျူးမေးမြန်းသူက ဖြေဆိုသူထံမှ သိရှိလိုသည့် အရာအပေါ် မူတည်ပါသည်။ အကယ်၍ အင်တာဗျူးမေးမြန်းသူက အစားထိုးမရသည့် အစမ်းသပ်ခံအဖြစ် ရှုမြင်သူထံမှ အလုပ်သမား သမဂ္ဂအကြောင်း သဘောထားကို သိရှိလိုပါက လူမှုရေးနိမိတ်ပြ သင်္ကေတများသည် အလွန် အရေးပါသည်။ အင်တာဗျူးမေးမြန်းသူက ကျွမ်းကျင်သူပညာရှင်တစ်ဦးအား ၎င်းအတွက် အရေးမပါသည့် အရာဝတ္ထု သို့မဟုတ် လူများအကြောင်း အင်တာဗျူးပါက လူမှုရေးရာ နိမိတ်ပြသင်္ကေတများသည် သိပ် အရေးမပါပေ (EMANS, 1986)။ အခြားတစ်ဖက်တွင်လည်း အင်တာဗျူးမေးမြန်းသူက ၎င်း၏ အပြုအမူဖြင့် အင်တာဗျူးဖြေဆိုသူအား အရမ်း ထိန်းကျောင်းနေပါက ဤသိမြင်မှုသည် အင်တာဗျူးမေးမြန်းသူ၏ ရလဒ်အား အနှောင့်အယှက် ဖြစ်စေသည်။ အင်တာဗျူး လုပ်ထုံးလုပ်နည်း နှင့် အင်တာဗျူးမေးမြန်းသူက ဤသက်ရောက်မှုကို သိမြင်ပါက ဤအားနည်းချက်အား လျော့ချနိုင်သည်။ [၇]

လူချင်းတွေ့ဆုံ အင်တာဗျူးများတွင် မေးခွန်းနှင့် အဖြေအကြား အချိန်နှောင့်နှေးမှုလုံးဝမရှိပဲ အခြားသူများ ပြောဆိုသည့် သို့မဟုတ် ဆောင်ရွက်သည့် အကြောင်းအရာများအပေါ် အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူက တိုက်ရိုက် တုံ့ပြန်ပြောကြားနိုင်သည်။ အချိန် နှင့် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းခြင်း၏ အားသာချက်မှာ အင်တာဗျူးဖြေဆိုသူသည် ထပ်မံရှင်းလင်းပြရန် မလိုအပ်ဘဲ အစဉ်မပြတ် ဖြေဆိုနိုင်ခြင်းပင် ဖြစ်သည်။ ကြားခံ

ဆက်သွယ်ပေးခြင်း၏ ဤချိန်သားကိုက်လက္ခဏာကြောင့် အင်တာဗျူးမေးမြန်းသူသည် မေးမြန်းသည့် မေးခွန်းနှင့် ပြန်ကြားသည့် အဖြေများအပေါ် ပိုအာရုံစိုက်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် အလွတ်သဘော အင်တာဗျူး သို့မဟုတ် တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် မေးခွန်းဖြင့် မေးမြန်းသည့် အင်တာဗျူးစာရင်ကို အသုံးပြုသည့် အချိန်တွင် ဆက်သွယ်ပြောဆိုမှု၏ အပြန်အလှန်တုံ့ပြန်မှု ရှိသည့် သဘောသဘာဝကြောင့် အင်တာဗျူးမေးမြန်းသူသည် မေးခွန်းများကို ပြင်ဆင်ထားရမည် ဖြစ်သည်။ WENGRAF (2001, p.194) က "နှစ်ဘက်မျှ အာရုံစိုက်ခြင်း" အကြောင်း ပြောပြပြီး ၎င်း၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်–

> "အဓိက သတင်းပေးသည် ဘာကို ပြောဖို့ကြိုးစားနေသလဲဆိုသည်ကို နားလည်သဘောပေါက်ရန် ၎င်း၏ တုံ့ပြန်ချက်များအား နားထောင်နေရသကဲ့သို့ တပြိုင်နက်တည်းမှာပင် သတ်မှတ်ထားသည့် အချိန်အတွင်း သင်လိုအပ်သည့် အသေးစိတ်နှင့် အတွင်းကျကျ အဖြေများရရှိနိုင်ရန် လျော်ညီသည့် မေးခွန်းများဖြစ်ဖို့ သေချာစေရန် လိုအပ်ကြောင်း သင့်စိတ်တွင် သတိပြုနေရမည် ဖြစ်သည်။" [၈]

အင်တာဗျူးဖြေဆိုသူ၏ ခွင့်ပြုချက်ဖြင့် လူချင်းတွေ့ဆုံအင်တာဗျူးများအား တိပ်ခွေဖြင့် အသံသွင်းနိုင်သည်။ တိပ်ခွေအသံသွင်းစက်ကို အသုံးပြုခြင်းဖြင့် မှတ်စုလိုက်မှတ်ခြင်းထက် အစီရင်ခံစာကို ပိုမိုတိတိကျကျ ရေးသားနိုင်သည့် အားသာချက် ရရှိစေသည်။ သို့သော် တိပ်ခွေဖြင့် အသံသွင်းခြင်းသည် အင်တာဗျူးအတွင်း မည်သည့်မှတ်စုမျှ လိုက်မယူထားသည့် အန္တရာယ်လည်း ဖြစ်ပေါ်စေသည်။ အင်တာဗျူးအား တိပ်ခွေဖြင့် အသံသွင်းထားသော်ငြား အင်တာဗျူးအတွင်း မှတ်စုလိုက်ခြင်းသည် အင်တာဗျူးမေးမြန်းသူအတွက် အရေးပါသည်။ အကြောင်းရင်းမှာ (၁) မေးခွန်းအကုန်လုံး ဖြေဆိုပြီးမပြီး စစ်ဆေးရန်အတွက်လည်းကောင်း (၂) တိပ်ခွေအသံသွင်းစက် ချွတ်ယွင်းခဲ့ပါက လည်းကောင်း (၃) "အင်တာဗျူးမေးမြန်းသူ၏ ချွတ်ယွင်းချက်" ဖြစ်ပါကလည်းကောင်း အထောက်အကူ ဖြစ်စေသည်။ စာရေးသူမေးမြန်းခဲ့သည့် အင်တာဗျူးတစ်ခုတွင် "အသံသွင်း" ခလုတ်ကိုနှိပ်ရန် မေ့လျော့ခဲ့သည့်အတွက် စာရေးသူက မှတ်စုတို လိုက်ခဲ့သည်။ တိပ်ခွေအသံသွင်းခြင်း၏ အခြားအားနည်းချက်မှာ အသံသွင်းထားသည့် တိပ်ခွေအား မှတ်တမ်း ပြန်လိုက်ရာတွင် အချိန်ယူခြင်း ဖြစ်သည်။ တစ်နာရီစာ အသံသွင်းထားသည့် တိပ်ခွေအား မှတ်တမ်း လိုက်ရာတွင် အချိန် (၆) နာရီကြာမြင့်ကြောင်း BRYMAN (2001) က အကြံပြုသည်။ [၉]

လူချင်းတွေ့ဆုံ အင်တာဗျူးရှိ အချိန်နှင့် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းခြင်းဖြင့် အင်တာဗျူး မေးမြန်းသူတွင် အင်တာဗျူးပရိတ်သက်ကောင်းကောင်းကို ဖန်တီးနိုင်မည့် အခွင့်အလမ်းများ ရရှိစေသည်။ တနည်းအားဖြင့် ဆိုသော် အင်တာဗျူးမေးမြန်းခြင်းသူက အခြေအနေကို စံသတ်မှတ်နိုင်ခြင်းကို ပိုမို အသုံးပြုနိုင်သည်။ အခြားတစ်ဖက်တွင်မူ အချိန်နှင့် နေရာ ချိန်သားကိုက် ဆက်သွယ် မေးမြန်းခြင်းသည် အချိန်သာမက ငွေကြေးကုန်ကျမှုလည်း များသည်။ ကီလိုမီတာ ၂၀၀ အကွာအဝေးတွင် နေထိုင်သည့် အင်တာဗျူးဖြေဆိုသူအား အင်တာဗျူးခြင်း အင်တာဗျူး မေးမြန်းခြင်းနှင့် ခရီးသွားခြင်းတို့ဖြင့်သည် တနေကုန်စေသည်။ အင်တာဗျူးဖြေဆိုသူသည် ဖျားနာပြီး အင်တာဗျူးအား ပယ်ဖျက်ကြောင်းအား အင်တာဗျူးမေးမြန်းသူထံ အချိန်မီ မပြောကြားနိုင်သောအခါ ရက်ပိုကြာသွားနိုင်သည်။ ခရီးစရိတ်ကဲ့သို့ ကုန်ကျစရိတ်များသည်လည်း ဤနည်းဖြင့် ပို အကုန်အကျများစေသည်။ ဥပမာအနေဖြင့် ဗာကျူရယ်အဖွဲ့များနယ်ပယ်တွင် သုတေသနပြုခြင်းကဲ့သို့ ကမ္ဘာအနှံ့တွင် ဆောင်ရွက်ရမည့် လူချင်းတွေ့ဆုံ အင်တာဗျူးခြင်းဖြင့် သုတေသနဆောင်ရွက်ပါက အချိန်၊ ငွေအားနှင့် လူအား များစွာ ကုန်ကျစေပြီး သုတေသနပညာရှင် တစ်ဦးအတွက် လုံးဝနီးပါး ဖြစ်နိုင်ချေ မရှိပေ။ [၁၀]

ဤအင်တာဗျူးနည်းလမ်း၏ နောက်ဆုံးအားသာချက်မှာ အခြားအင်တာဗျူးနည်းလမ်းများနှင့် နှိုင်းယှဉ်ပါက လူချင်းတွေ့ဆုံအင်တာဗျူးအား အလွယ်တကူ ဖျက်သိမ်းနိုင်ခြင်း ဖြစ်သည်။ အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူအကြား အပြန်အလှန်တုံ့ပြန်ရာတွင် လုံလောက်သည့် သဲလွန်စများ ပေးခြင်းဖြင့် အင်တာဗျူးပြီးဆုံးတော့မည် ဖြစ်ကြောင်း ပြသနိုင်သည်။ ဥပမာ စာရွက်များအား စီထပ်ခြင်းနှင့် အသံသွင်းစက်အား ပိတ်ခြင်းတို့ ဖြစ်သည်။ အင်တာဗျူးအပြီးသတ်ရန် အတိအလင်းပြသသည့်နည်းမှာ အင်တာဗျူးဖြေဆိုသူအား ပူးပေါင်းဆောင်ရွက်ခြင်း

အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီးနောက် အင်တာဗျူးလုပ်ငန်းစဉ် သို့မဟုတ် အင်တာဗျူးသည့် အကြောင်းအရာနှင့် သင့်လျော်သည့် ထပ်မံဖြည့်စွက်စရာများကို မေးမြန်းခြင်းပင် ဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အချက်အလက်အသစ်ရရှိနိုင်သည့် နယ်ပယ်တစ်ခုပေါ်ထွက်လာနိုင်စေသည် (WENGRAF, 2001)။ [၁၁]

## ၂.၂။ တယ်လီဖုန်းအင်တာဗျူး – အချိန်ကိုက် ဆက်သွယ်မှုဖြစ်သော်ငြား နေရာကိုက်ဆက်သွယ်မှု မဟုတ်သည့် အင်တာဗျူးမေးမြန်းခြင်း

နေရာကိုက်မဟုတ်သည့် ဆက်သွယ်မှုကြောင့် တယ်လီဖုန်းအင်တာဗျူးခြင်း၏ အားသာချက်များအနက် တစ်ခုမှာ လူချင်းဆုံတွေ့ အင်တာဗျူးများနှင့် နှိုင်းယှဉ်ပါက ပါဝင်သူများနှင့် ပို၍ အဆက်အသွယ် ရရှိခြင်းပင် ဖြစ်သည်။ အောက်ဖော်ပြပါ အခန်းကဏ္ဍများတွင် MANN နှင့် STEWART (2000) က သိသာထင်ရှားသည့် ကွဲပြားမှုကို ဖော်ပြသည်–

- ဘယ်လောက်ဝေးဝေး အဆက်အသွယ် ကျယ်ကျယ်ပြန့်ပြန့်ရရှိခြင်း။ ကမ္ဘာပေါ်ရှိ လူများကို အင်တာဗျူး မေးမြန်းနိုင်သည်– အကယ်၍ ၎င်းတို့တွင် တယ်လီဖုန်း သို့မဟုတ် ကွန်ပျူတာရှိပါက ဖြစ်နိုင်သည်။ လူချင်းတွေ့ဆုံ အင်တာဗျူးသည် ကုန်ကျစရိတ်များပြီး အချိန်ယူရသည်။
- လူအများသို့ ရောက်ရှိရန် ခက်ခဲခြင်း။ ကလေးငယ်များကို အိမ်တွင် ထိန်းကျောင်းနေရသည့် မိခင်များ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကွန်ပျူတာရှေ့ တနေကုန် ထိုင်အလုပ်လုပ်နေသူများနှင့် မသန်စွမ်းသူများကဲ့သို့ လူချင်းတွေ့ဆုံ အင်တာဗျူးရန် ခက်ခဲသူများနှင့် သုတေသနပညာရှင်သည် တယ်လီဖုန်းအင်တာဗျူးဖြင့် ထိတွေ့နိုင်သည်။
- လုပ်ငန်းခွင်မှ ထွက်ခွင့်မရသူများနှင့် အဆက်အသွယ်ရခြင်း။ (ဆေးရုံများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ထောင်များ၊ စစ်တပ်နှင့် အစွန်းရောက်ဘာသာရေးဂိုဏ်းများကဲ့သို့) လုပ်ငန်းခွင် နေရာမှ အပြင်ထွက်ခွင့်မရသူ သို့မဟုတ် အပြင်ထွက်ခွင့် အကန့်အသတ်ရှိသူများနှင့် ဖြစ်နိုင်ချေရှိသည့် နည်းဖြင့် အဆက်အသွယ် ရရှိနိုင်သည်။
- ထိရှလွယ်သည့် ဖြစ်စဉ်များ။ အချို့ပုဂ္ဂိုလ်ရေး ကိစ္စရပ်များသည် အရမ်းထိရှလွယ်သည့်အတွက် ပါဝင်သူများသည် လူချင်းတွေ့ဆုံ အင်တာဗျူးရာတွင် အင်တာဗျူးမေးမြန်းသူနှင့် ဆွေးနွေးသောအခါ ဝန်လေးနေပေမည်။
- အန္တရာယ်များသော သို့မဟုတ် နိုင်ငံရေးအရ ထိရှလွယ်သည့် နေရာများသို့ အဆက်အသွယ်ရရှိခြင်း။ စစ်မက်ဖြစ်ပွားနေသည့် နေရာသာမက ရောဂါဘယထူပြောသည့် နေရာတွင် နေထိုင်သည့် သို့မဟုတ် အလုပ်လုပ်ကိုင်နေသည့် လူများအား တယ်လီဖုန်းဖြင့် အင်တာဗျူးမေးမြန်းနိုင်သည်။ သွားရောက်မည့် နေရာရှိ – အန္တရာယ်နှင့် လုံးထွေးရန် မလိုဘဲ – ဗျူရိုကရေစီစနစ်နှင့် လုံးထွေးစရာမလိုဘဲ အင်တာဗျူး ဆောင်ရွက်နိုင်သည်။ [၁၂]

အဆက်အသွယ်ရရန် မလွယ်ကူသည့် လူများနှင့် အင်တာဗျူးမေးမြန်းနိုင်သော်လည်း တယ်လီဖုန်းအင်တာဗျူး၏ နေရာကိုက်မဖြစ်ခြင်းရှိ အားနည်းချက်များအနက် တစ်ခုမှာ လူမှုရေး သင်္ကေတနိမိတ်ပြများ လျော့ပါးခြင်းပင် ဖြစ်သည်။ အင်တာဗျူးမေးမြန်းသူသည် ဖြေဆိုသူအား မမြင်ရသည့်အပြင် ၎င်း၏ ကိုယ်နေဟန်ထား စသည် တို့ကိုလည်း မတွေ့ရှိရသည့်အတွက် နောက်ဆက်တွဲအချက်အလက်အရင်းအမြစ်အဖြစ် အသုံးမပြုနိုင်ပေ။ သို့သော် ဖြေဆိုသံနှင့် လေယူလေသိမ်းကဲ့သို့ လူမှုရေးနိမိတ်ပြသင်္ကေတများကိုမူ အသုံးပြုနိုင်သေးသည်။ လူမှုရေး နိမိတ်ပြသင်္ကေတများ နည်းပါးသော်ငြား ပြဿနာမရှိဘဲ တယ်လီဖုန်းအင်တာဗျူးအား အဆုံးသတ်နိုင်ရန်အတွက် လုံလောက်သည့် လူမှုရေးနိမိတ်ပြသင်္ကေတများ ကျန်ရှိနေသေးသည်။ [၁၃]

ဆက်သွယ်ရာတွင် နေရာကိုက်မဖြစ်ခြင်း၏ အခြားအားနည်းချက်မှာ အင်တာဗျူးဖြေဆိုသူနေထိုင်သည့် အခြေအနေ အကြောင်း အင်တာဗျူးမေးမြန်းသူက မသိမြင်ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကောင်းမွန်သည့် အင်တာဗျူး ဝန်းကျင်ကို ဖန်တီးရန်အတွက် အင်တာဗျူးမေးမြန်းသူတွင် ဖြစ်နိုင်ချေအနည်းငယ်သာ ရှိသည်။ လူချင်းတွေ့ဆုံ အင်တာဗျူးများသည် အနေအထားကို စံသတ်မှတ်ခြင်းအား ပိုမို အသုံးပြုနိုင်သည်။ ဤကဲ့သို့ တယ်လီဖုန်းဖြင့် အနေအထားကို စံသတ်မှတ်ခြင်း ဖြစ်နိုင်ချေ နည်းပါးမှုကြောင့် အင်တာဗျူးဖြေဆိုသူသည် အဖွဲ့အတွင်း အခြား အလုပ်သမားများနှင့် မန်နေဂျာများအတွက် "မြင်သာထင်သာ" ရှိနေနိုင်သည့် နောက်ထပ် အားနည်းချက်တစ်ခု ဖြစ်စေသည်။ ဥပမာအနေဖြင့် စာရေးသူ၏ အတွေ့အကြုံအရ အင်တာဗျူးဖြေဆိုသူအား သူ၏ မန်နေဂျာက ခေါ်သည့်အခါ အင်တာဗျူးသည် ချက်ချင်း ရပ်တံ့သွားရသည်။ [၁၄]

လူချင်းတွေ့ဆုံ အင်တာဗျူးမှာကဲ့သို့ အချိန်ကိုက် ဆက်သွယ်မှုရှိခြင်းသည် အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူ များသည် အခြားသူများ ပြောကြားသည်ကို တိုက်ရိုက် တုံ့ပြန်နိုင်ကြောင်း ပေါ်လွင်စေသည်။ ဤနည်းလမ်းသည် အင်တာဗျူးဖြေဆိုသူက သူ့အဖြေကို တစ်ဆက်တစ်စပ်တည်း ပိုဖြေကြားနိုင်ပြီး အချိန်ယူ မစဉ်းစားသည့် အားသာချက် ရရှိစေသည်။ သို့သော် အခြားတစ်ဖက်တွင်မူ မေးမြန်းရမည့် မေးခွန်းများနှင့် ပေးလာသည့် အဖြေများ အပေါ် အင်တာဗျူးမေးမြန်းသူက ပိုမို အာရုံစိုက်ရန် လိုအပ်လာသည်။ [၁၅]

တယ်လီဖုန်းအင်တာဗျူးခြင်း၏ အချိန်ကိုက်ဆက်သွယ်ခြင်းဖြင့် ရရှိသည့် အခြားအားသာချက်မှာ လူချင်းတွေ့ဆုံ အင်တာဗျူးကဲ့သို့ အင်တာဗျူးအား အသံသွင်းနိုင်ခြင်းပင် ဖြစ်သည်။ တယ်လီဖုန်းအင်တာဗျူးအား အသံသွင်းခြင်း သည် စက်ပစ္စည်းကိရိယာများအပေါ် မူတည်သည်။ စပီကာပါသော တယ်လီဖုန်းကို အသုံးပြုသင့်ပါသည် (BURKE & MILLER, 2001)။ လူချင်းတွေ့ဆုံ အင်တာဗျူးကဲ့သို့ တယ်လီဖုန်းအင်တာဗျူးသည် အသံသွင်းတိပ်ခွေကို မှတ်တမ်း ပြန်ရေးရသည့်အတွက်ကြောင့် အချိန်ကုန်ပါသည်။ [၁၆]

## ၂.၃။ မိုက်ခရိုဆော့ဖ်ကွန်ယက်အခြေပြု စာတိုစနစ်/ မက်ဆင်ဂျာ အင်တာဗျူး – အချိန်ကိုက် ဆက်သွယ်မှုဖြစ်သော်ငြား နေရာကိုက်ဆက်သွယ်မှု မဟုတ်သည့် အင်တာဗျူးမေးမြန်းခြင်း

တယ်လီဖုန်းအင်တာဗျူးများမှာကဲ့သို့ ဆက်သွယ်ရာတွင် နေရာကိုက်မဖြစ်ခြင်းကြောင့် မိုက်ခရိုဆော့ဖ်ကွန်ယက် အခြေပြု စာတိုစနစ်/ မက်ဆင်ဂျာ အင်တာဗျူး (မက်ဆင်ဂျာအင်တာဗျူးဟု အတိုကောက် သုံးနှုန်းသွားမည် ဖြစ်သည်) ၏ အားသာချက်များအနက် တစ်ခုမှာ လူချင်းတွေ့ဆုံ အင်တာဗျူးများနှင့် နှိုင်းယှဉ်ပါက ပါဝင်သူများနှင့် အဆက်အသွယ် ကျယ်ကျယ်ပြန့်ပြန့် ရရှိခြင်းပင် ဖြစ်သည် (COOMBER, 1997)။ အဆက်အသွယ် ရရှိရန် ခက်ခဲသည့် လူများနှင့် အင်တာဗျူးမေးမြန်းနိုင်သော်ငြား မက်ဆင်ဂျာအင်တာဗျူးမေးမြန်းရာတွင် နေရာကိုက် မဖြစ်ခြင်း၏ အားနည်းချက်များအနက် တစ်ခုမှာ လူမှုရေးနိမိတ်ပြသင်္ကေတ မရှိခြင်းပင် ဖြစ်သည်။ လေယူလေသိမ်း ကဲ့သို့ အချို့အစိတ်အပိုင်းများ မရှိခြင်းအား စိတ်ခံစားမှုအသုံးပြုခြင်းဖြင့် ဖြည့်စွက်နိုင်သည်။ စိတ်ခံစားချက်များကို ဖော်ပြသည့် ရိုးစင်းသည့် သင်္ကေတများအား အသုံးပြုသူများက မဖန်တီးနိုင်ခင်ကမူ "ပြုံးရွှင်နေသည့် အမူအရာ" အား ဥပမာအားဖြင့် ": )" ပုံစံဖြင့် အသုံးပြုသည်။ ယနေ့ခေတ်တွင်မူ ကီးဘုတ်များဖြင့် "😊" ကဲ့သို့ ပိုအဆင့်မြင့်သည့် စိတ်ခံစားချက်ပြ သင်္ကေတများကို ဖန်တီးနိုင်ခွင့်များ ရရှိလာသည်။ ဤနည်းလမ်းကို မက်ဆင်ဂျာတွင်လည်း အသုံးပြုနိုင်သည်။ ၎င်းမက်ဆင်ဂျာတွင် ပညာရှင်များက ဖန်တီးထားသည့် စိတ်ခံစားချက်ပြ သင်္ကေတများကို မက်ဆေ့/ စာတိုရိုက်ရာတွင် တိုက်ရိုက်ထည့်သွင်း အသုံးပြုနိုင်သည်။

<table>
<tr><th colspan="2">အမေရိကန်/ ဥပရောပတို့တွင် အသုံးပြုသည့် စိတ်ခံစားချက်ပြ သင်္ကေတများ၏ အဓိပ္ပာယ်–</th></tr>
<tr><td>:-)</td><td>သာမန်ရယ်ခြင်း</td></tr>
<tr><td>:-(</td><td>ဝမ်းနည်းခြင်း</td></tr>
<tr><td>;-)</td><td>မျက်စိတစ်ဖက်မှိတ်ပြခြင်း</td></tr>
<tr><td>:-))</td><td>အရမ်းပျော်ရွှင်ခြင်း</td></tr>
<tr><td>:-o</td><td>အံ့သြခြင်း</td></tr>
<tr><td>:-|</td><td>တိကျခြင်း</td></tr>
<tr><td>:-||</td><td>ဒေါသထွက်ခြင်း</td></tr>
<tr><td>8-)</td><td>မထင်မှတ်ဘဲ ရယ်ခြင်း</td></tr>
</table>

ကားချပ် (၁) စိတ်ခံစားချက်ပြ သင်္ကေတများ၏ ဥပမာများ [၁၇]

စိတ်ခံစားချက်ပြ သင်္ကေတများသည် ဓလေ့ထုံးတမ်းများအရ သတ်မှတ်ထားပြီး ဓလေ့ထုံးတမ်းဆိုင်ရာ သီးသန့်အဓိပ္ပာယ်များကို ထင်ဟပ်သည်။ တူညီသည့် အမူအရာများပင်ဖြစ်လင့်ကစား ယဉ်ကျေးမှုမတူညီပါက အနက်အဓိပ္ပာယ် မတူညီကြောင်း MORRIS (1994) က ပြသခဲ့သည်။ သို့တည်းမဟုတ် ကွဲပြားသည့် ယဉ်ကျေးမှုများရှိ တူညီသည့် အနက်အဓိပ္ပာယ်များအတွက် မတူညီသည့် အမူအရာများ တည်ရှိနိုင်သည်။ ထို့ကြောင့် အင်တာဗျူး မေးမြန်းသူသည် အခြားယဉ်ကျေးမှုပုံစံဖြင့် အင်တာဗျူးဖြေဆိုသူအား မက်ဆင်ဂျာအင်တာဗျူး မေးမြန်းပါက အင်တာဗျူးမေးမြန်းသူသည် စိတ်ခံစားချက်ပြသင်္ကေတများ သုံးစွဲရာတွင် သတိထားရမည် ဖြစ်သည်။ အင်တာဗျူး မေးမြန်းသူက အဓိပ္ပာယ်ကောက်ယူသည့် နည်းလမ်းအတိုင်း ၎င်းစိတ်ခံစားချက်ပြ သင်္ကေတများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုလိမ့်မည်ဟု မမှတ်ယူသင့်ပေ။ စိတ်ခံစားချက်ပြ သင်္ကေတများသည် အားလုံး မတူညီကြောင်း ကားချပ် (၂) က ရှင်းရှင်းလင်းလင်း ပြသသည် (AOKI, 1995)။

<table>
<tr><th colspan="2">အမေရိကန်/ ဥပရောပတို့တွင် အသုံးပြုသည့် စိတ်ခံစားချက်ပြ သင်္ကေတများ၏ အဓိပ္ပာယ်–</th><th colspan="2">ဂျပန်နိုင်ငံတွင် အသုံးပြုသည့် စိတ်ခံစားချက်ပြ သင်္ကေတများ၏ အဓိပ္ပာယ်–</th></tr>
<tr><td>:-)</td><td>သာမန်ရယ်ခြင်း</td><td>(^_^)</td><td>သာမန်ရယ်ခြင်း</td></tr>
<tr><td>:-(</td><td>ဝမ်းနည်းခြင်း</td><td>(^o^;>)</td><td>ခွင့်လွှတ်ခြင်း</td></tr>
<tr><td>;-)</td><td>မျက်စိတစ်ဖက်မှိတ်ပြခြင်း</td><td>(^ ^;)</td><td>ဇောချွေးပြန်ခြင်း</td></tr>
<tr><td>:-))</td><td>အရမ်းပျော်ရွှင်ခြင်း</td><td>(^o^)</td><td>ပျော်ရွှင်ခြင်း</td></tr>
<tr><td>:-o</td><td>အံ့သြခြင်း</td><td>(*^o^*)</td><td>စိတ်လှုပ်ရှားခြင်း</td></tr>
<tr><td>:-|</td><td>တိကျပြတ်သားခြင်း</td><td>(_o_)</td><td>ငါတောင်းပန်ပါတယ်</td></tr>
<tr><td>:-||</td><td>ဒေါသထွက်ခြင်း</td><td>(^ . ^)</td><td>ကောင်မလေးပုံစံ ရယ်မောခြင်း</td></tr>
<tr><td>8-)</td><td>မထင်မှတ်ဘဲ ရယ်ခြင်း</td><td>(*^_^*;)</td><td>တောင်းပန်ပါတယ်</td></tr>
</table>

ကားချပ် (၂) အနောက်နိုင်ငံများ၏ စိတ်ခံစားချက်ပြ သင်္ကေတများနှင့် ဂျပန်နိုင်ငံ၏ စိတ်ခံစားချက်ပြ သင်္ကေတများ အကြား နှိုင်းယှဉ်ခြင်း။ ဒေါသထွက်ခြင်းကဲ့သို့ ပြင်းထန်သည့် စိတ်ခံစားချက်များအား အမေရိကန်နှင့် ဥရောပ

အနောက်ခြမ်း ယဉ်ကျေးမှုတွင် တိုက်ရိုက် ဖော်ပြကြသော်လည်း အဆိုပါခံစားချက်များအတွက် ပို၍ သိမ်မွေ့သည့် အခြားနည်းလမ်းများဖြင့် ဂျပန်တို့၏ စိတ်ခံစားချက်ပြ သင်္ကေတများက ဖော်ပြကြသည်။ [၁၈]

လူမှုရေးနိမိတ်ပြသင်္ကေတများ ရှိခြင်း မရှိခြင်းသည် အားသာချက် (သို့မဟုတ် အနည်းဆုံး ကြားနေ) သို့မဟုတ် အားနည်းချက် ဟုတ် မဟုတ်သည် သုတေသနအကြောင်းအရာအပေါ်သာမက မေးမြန်းသည့် မေးခွန်းများအပေါ် မူတည်ပါသည်။ သို့သော် SHACHAF (2005, p.52) အရ အခြားယဉ်ကျေးမှုမှ အင်တာဗျူးဖြေဆိုသူများအား အင်တာဗျူးသောအခါ "စကားပြောမဟုတ်ဘဲ လူမှုရေးနိမိတ်ပြသင်္ကေတများမရှိခြင်းသည် ယဉ်ကျေးမှုကွဲပြားခြင်းကြောင့် ဆက်သွယ်ရာတွင် နားလည်မှုလွဲမှားခြင်းများအား လျှော့ချပေးသည်"။ [၁၉]

BAMPTON နှင့် COWTON (2002, paragraph 18) အရ ဆက်သွယ်ရာတွင် နေရာကိုက်မဖြစ်ခြင်းတွင်လည်း အားသာချက်ရှိသည်။ ၎င်းအားသာချက်မှာ "(အီးမေးလ်) အမည်လွဲ သတ်မှတ်၍ *အမည်လျှို့ဝှက်ထားခြင်း*ဖြင့် သုတေသနပညာရှင်အား ကာကွယ်နိုင်သည်။" အမည်လျှို့ဝှက်ခြင်း၏ ကောင်းသည့်အကျိုးသက်ရောက်မှုအနေဖြင့် ဥပမာကောင်းတစ်ခုမှာ GERGEN၊ GERGEN နှင့် BARTON (1973) တို့၏ လေ့လာချက်ပင် ဖြစ်သည်။ ဤလေ့လာမှုတွင် အမှောင်ထဲတွင် ထိုင်၍ တစ်ဦးနှင့် တစ်ဦး မတွေ့မြင်နိုင်သည့် အခြေအနေတွင် တွေ့ဆုံကာ စကားစမည်ပြောနေသည့် လူများသည် ၎င်းတို့၏ ဘဝအကြောင်းနှင့် ကိုယ်ရေးကိုယ်တာအကြောင်းကို လင်းချင်းသည့် အခန်းအတွင်းတွေ့ဆုံစကားပြောနေသော သူများထက် ပို၍ ရင်းရင်းနှီးနှီး အသေးစိတ် ဖွင့်ပြောကြသည်။ အမှန်အားဖြင့် မှောင်မဲသည့်အခြေအနေရှိ လူများသည် အလင်းရောင်ကြောင့် အပြန်အလှန် တုံ့ပြန်နိုင်သည့် ထိန်းချုပ်ထားသည့် အနေအထားရှိ လူများထက် အခြားသူကြောင့် ရုတ်တရက် တွေ့ကြုံရသည့် ခံစားချက်များအား ချန်ထားနိုင်သည်။ ဤအရေးကြီးသည့် ဖြစ်ရပ်အား ကိုယ်တိုင်ဖွင့်ဟဝန်ခံခြင်း သို့မဟုတ် "အခြားသူများအား ပုဂ္ဂိုလ်ရေးအချက်အလက်များအား ထုတ်ဖော်ပြသခြင်း" ဟု ခေါ်ဆိုသည် (ARCHER, 1980, p.183)။ ကွန်ပျူတာ အခြေပြုဆက်သွယ်ဆွေးနွေးခြင်းများသည် လူချင်းတွေ့ဆုံ အင်တာဗျူးများထက် ကိုယ်တိုင်ဖွင့်ဟ ဝန်ခံချက်ကို အဆက်မပြတ် ပိုမို ဖြစ်ပေါ်စေကြောင်း သက်သေပြသသည် (JOINSON, 2001)။ ထို့အပြင် အမည်မသိ ပါဝင်သူများသည် ၎င်းတို့အကြောင်း အချက်အလက်များကို အမည်ကွယ်ဝှက်မထားသည့် ပါဝင်သူများထက် ထင်ထင်ရှားရှား ပို၍ ပြောဆိုကြသည် (JOINSON, 2001)။ SPEARS နှင့် LEA (1994, p.435) အရဆိုသော် "အမည်မသိဟူသည့် အကာအကွယ်အောင်တွင် အသုံးပြုသူများသည် ၎င်းတို့ အမှန်တကယ် ခံစားရပြီး တွေးတောသည့် နည်းလမ်းကို ဖော်ပြနိုင်ကြသည်"။ အင်တာဗျူးဖြေဆိုသူထံမှ သဘောထားအစရှိသဖြင့် တို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို သုတေသနခေါင်းစဉ်က တောင်းဆိုပါက မက်ဆင်ဂျာနည်းဖြင့် အင်တာဗျူး ခြင်းသည် ပိုမို သင့်လျော်သည်။ အင်တာဗျူးဖြေဆိုသူက အချက်အလက်ပိုကြွယ်ဝ၍ လူမှုရေးအရ အော့ကြောလန် အဖြေကို ပေးနိုင်မည့် အခွင့်အလမ်း မြင့်မြင့်မားမား ရရှိစေသည် ။ [၂၀]

ဆက်သွယ်မှု နေရာကိုက်မဖြစ်ခြင်း၏ နောက်ထပ်အားသာချက်တစ်ခုမှာ အချိန်နှင့် ကုန်ကျစရိတ် သက်သာခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အင်တာဗျူးမေးမြန်းသူသည် ဖြေဆိုသူထံ သွားရန် မလိုအပ်ခြင်းကြောင့် ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အင်တာဗျူးရာတွင် အမှန် ကြာမြင့်သည့် အချိန်ပမာဏနှင့် စပ်လျဉ်း၍ မတူညီသည့် အင်တာဗျူးနည်းစနစ်များအား နှိုင်းယှဉ်လေ့လာသောအခါ မက်ဆင်ဂျာအင်တာဗျူးသည် သိပ်အလေးမသာပေ။ မက်ဆင်ဂျာအင်တာဗျူးအနေဖြင့် ပြည့်စုံကောင်းမွန်၍ အသေးစိတ်ကျသည့် အင်တာဗျူးဖြစ်စေရန်အတွက်က လူချင်းတွေ့ဆုံ အင်တာဗျူးအချိန်နှစ်ဆ လိုအပ်သည် (MARKHAM, 2004)။ အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူတို့၏ စိတ်ဝင်တစားအာရုံစိုက်မှုကို လျှော့ချနိုင်သည့်အတွက် မကောင်းသည့် နောက်ဆက်တွဲများ အနေဖြင့် အင်တာဗျူးအရည်အသွေးကို ထိခိုက်စေသည်။ ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းမှာ အင်တာဗျူးဖြေဆိုသူအား မက်ဆင်ဂျာအင်တာဗျူးမေးမြန်းသည့် အချိန်ပိုင်း များစွာဖြင့် မေးခြင်းပင် ဖြစ်သည်။ အချိန်ပိုင်း အမြောက်အများ မေးမြန်းခြင်း၏ အားသာချက်များမှာ အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူများသည် အာရုံစိုက်နိုင်ခြင်း ဖြစ်သည်။

အင်တာဗျူးမေးမြန်းသူသည် အခြားအင်တာဗျူးများကို အပေါ်စီးမှ ကြည့်မြင်နိုင်ပြီး နောက်ထပ်မေးခွန်းများ မေးမြန်းနိုင်သည်။ [၂၁]
မက်ဆင်ဂျာ အင်တာဗျူးရှိ ဆက်သွယ်မှု နေရာကိုက်မဖြစ်ခြင်း၏ အခြားအားသာချက်မှာ အနှောင့်အယှက်ပေးသည် နောက်ခံအသံများ (ဥပမာ လူများသည် အဆောက်အအုံအပြင်ဘက်တွင် စက်ကြီးများနှင့် အလုပ်လုပ်နေချိန်တွင်) အား အသံမသွင်းခြင်း ဖြစ်သည် ။ [၂၂]

အင်တာဗျူးဖြေဆိုသူ တည်ရှိနေသည့် အခြေအနေအပေါ် အင်တာဗျူးမေးမြန်းသူမှ သိမြင်နိုင်ခြင်း မရှိသည့် အတွက်ကြောင့် ဆက်သွယ်မှု နေရာကိုက်မဖြစ်ခြင်းသည်လည်း အားနည်းချက်တစ်ခု ဖြစ်နိုင်သည်။ ထို့ကြောင့် အင်တာဗျူးမေးမြန်းသူအနေဖြင့် ပြည့်စုံကောင်းမွန်သည့် အင်တာဗျူးဝန်းကျင်ကို ဖန်တီးရန် ဖြစ်နိုင်ချေ နည်းပါး စေသည်။ အခြေအနေအား စံသတ်မှတ်မှု ပြုသည့် ဖြစ်နိုင်ချေ နည်းပါးခြင်းကြောင့် မက်ဆင်ဂျာအင်တာဗျူးတွင် နောက်ထပ်အားနည်းချက်တစ်ခု ရှိပါသည်။ ၎င်းမှာ အဖွဲ့အစည်းအတွင်းရှိ အခြားအလုပ်သမားများနှင့် မန်နေဂျာများက အင်တာဗျူးဖြေဆိုသူကို “တွေ့မြင်နိုင်” နေသေးသည့်အတွက်ကြောင့် ဖြစ်သည်။ [၂၃]

နေရာမကိုက်သော်လည်း အချိန်ကိုက်ဆက်သွယ်မှုကြောင့် ဖြစ်ပေါ်လာသည့် အားသာချက်နှင့် အားနည်းချက် များအပြင် အသုံးပြုသည့် နည်းပညာတွင် အရင်းခံ ဖြစ်ပေါ်လာသည့် အားသာချက်နှင့် အားနည်းချက် အချို့ ရှိပါသည်။ မက်ဆင်ဂျာအင်တာဗျူး၏ ပထမဆုံးအချက်အနေဖြင့် ရလဒ်အား ကွန်ပျူတာမှ တိုက်ရိုက် ဒေါင်းလုပ်ချ အချက်အလက်သိုမှီး နိုင်သည့် အားသာချက်ရှိပါသည်။ ထို့ကြောင့် မှတ်တမ်းရေးခြင်းအတွက် အချိန်မကုန်ချေ။ သို့သော် တိုက်ရိုက်ဒေါင်းလုပ်ချ အချက်အလက်သိုမှီးခြင်းဖြင့် အင်တာဗျူးအချိန်အတွင်း မည်သည့် မှတ်စုတိုကိုမျှ လိုက်ရေးမှတ်ခြင်းမပြုသည့် အန္တရာယ်ကို ကြုံတွေ့နိုင်သည်။ အင်တာဗျူးနေစဉ်အတွင်း မှတ်စုတို လိုက်ခြင်းသည် အင်တာဗျူးအား အသံသွင်းထားသည့်တိုင်အောင် မေးခွန်းအကုန်လုံး ဖြေဆိုပြီးခြင်း ရှိမရှိ စစ်ဆေးနိုင်သည့် အတွက် အင်တာဗျူးမေးမြန်းသူအတွက် အရေးပါသည်။ ဤအန္တရာယ်သည် မက်ဆင်ဂျာဖြင့် အင်တာဗျူးသောအခါ ပိုမို ကြီးထွားလာသည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ယောက်တွင် လက်နှစ်ဖက်သာရှိသည့်အတွက် ချက်ဘောက်တွင် စာရေးသားနေစဉ် တပြိုင်နက်တည်းမှာပင် မှတ်စုတိုရေးမှတ်ခြင်းသည် ပို၍ ခက်ခဲပါသည်။ မှတ်စုတိုမရေးမှတ်ခြင်း တွင်လည်း အားသာချက်ရှိသော်ငြား “လက်တလော ချက်ချင်း ဖြစ်ပေါ်သည့် အပြန်အလှယ်ဖလှယ်ခြင်းကြောင့် ကျွန်ုပ် စိတ်လှုပ်ရှားမိသည်။ မှတ်စုတို ချရေးခြင်းဖြင့် ငါ့အတွေးရေလျဉ်ကို ငါ မဖျက်ဆီးလိုပေ။ ထို့ကြောင့် စကားလမ်း ကြောင်းသည် ချောမွေ့ဖြောင့်ဖြူးသင့်ပါသည်” (POLLOCK, 2004, p.4)။ [၂၃]

ဒုတိယအချက်အနေဖြင့် ယဉ်ကျေးမှုမတူညီခြင်းကြောင့်လည်းကောင်း၊ စကားလုံးများ၏ ဖြစ်စဉ်များကို တိုင်းတာမှု မတူညီခြင်းကြောင့် လည်းကောင်း အသုံးပြုသည့် အင်တာဗျူးနည်းစနစ်အားလုံးအတွက် ဆက်သွယ်ဆောင်ရွက်မှု ကျဆုံးရခြင်းသည် ရှားရှားပါးပါး မဟုတ်သော်လည်း အဆိုပါပုံစံနှစ်မျိုးစလုံး တပြိုင်နက်တည်း တွေ့ကြုံပါက မက်ဆင်ဂျာ အင်တာဗျူးများတွင် ဆက်သွယ်ဆောင်ရွက်မှုကျဆုံးသည့် သီးသန့်ပုံစံ တွေ့ကြုံရသည်။ အခြားတစ်ဖက် တွင်လည်း တစ်ယောက်က စာရေးနေစဉ် အခြားတစ်ယောက်က ကွန်ပျူတာမော်နီတာဖန်သားပြင် အောက်ခြေတွင် ဖတ်ရှုနိုင်သည်။ ဤနည်းလမ်းသည် နှစ်ဦးစလုံး တပြိုင်တည်းစာရေးသားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆက်သွယ်မှုကျဆုံးခြင်းကို လျှော့ချနိုင်ချေ ရှိသည်။ [၂၅]

တတိယအချက်အနေဖြင့် မက်ဆင်ဂျာအင်တာဗျူးသည် “သုတေသနပညာရှင်နှင့် သုတေသနအစမ်းသပ်ခံ နှစ်ဦးစလုံး၏ သင့်လျော်သည့် နည်းပညာကို လက်လှမ်းမီ သုံးစွဲသည့် ဆန္ဒနှင့် ကျွမ်းကျင်မှုအပေါ် မူတည်သည်” (BAMPTON & COWTON, 2002)။ အထူးသဖြင့် ဥပမာ အာရပ်ယဉ်ကျေးမှုကဲ့သို့ အခြားယဉ်ကျေးမှုမှ လူများနှင့် အင်တာဗျူးသောအခါ ဤနည်းသည် အားနည်းချက် ဖြစ်လာနိုင်သည်။ နည်းပညာအသစ်များနှင့် ၎င်းတို့မှ ဖြစ်ပေါ်လာသည့် ဆက်သွယ်ရေးမီဒီယာများသည် အခြေခံအားဖြင့် အနောက်နိုင်ငံများ (အရှေ့ပိုင်းနိုင်ငံ ဂျပန် ဟုလည်း ထင်မြင်နိုင်သည်) ၏ ထွက်ကုန်ဖြစ်သည်။ အာရပ်ယဉ်ကျေးမှုကဲ့သို့ အချို့ ယဉ်ကျေးမှုများသည် အဆိုပါ

ဆက်သွယ်ရေးမီဒီယာများတပ်ဆင်အသုံးပြုခြင်းအား အတော် ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြသည်။ ထို့ကြောင့် မက်ဆင်ဂျာအသုံးပြုခြင်းသည် အဆိုပါ ယဉ်ကျေးမှုနယ်ပယ်တွင် အတော်ပင်နည်းပါးသည်။ ထို့အပြင် အသုံးပြုလိုသည့် မီဒီယာသည်လည်း ယဉ်ကျေးမှုအနေအထားပေါ် မူတည် ကွဲပြားပါသည်။ ယဉ်ကျေးမှုတစ်ခုသည် အီးမေးလ်ကို စွဲမြဲယုံကြည်သည်။ အခြားယဉ်ကျေးမှုသည် ဗီဒီယိုဖြင့် တွေ့ဆုံဆွေးနွေးခြင်းအား အားသာပြီး အခြားယဉ်ကျေးမှုကမူ လူချင်းတွေ့ဆုံ အင်တာဗျူးခြင်းကို ပိုအားသာသည်။ [၂၆]

စတုတ္ထအချက်အနေဖြင့် အွန်လိုင်းအင်တာဗျူးသည် အခြေခံအားဖြင့် စာသားများကို အလဲအလှယ်ပြုလုပ်ခြင်း ဖြစ်ခြင်းကြောင့် စာရိုက်မြန်သည့် လူများအတွက် ဤအင်တာဗျူးပုံစံသည် ပိုမို သင့်လျော်ပါသည်။ သုတေသန မေးခွန်းအပေါ် မူတည်၍ လူချင်းတွေ့ဆုံ အင်တာဗျူးကဲ့သို့ ကိုယ်ရည်ကိုယ်သွေးများအား စာသားမှတဆင့် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည် (MARKHAM, 2004)။ [၂၇]

ပဉ္စမအချက်အနေဖြင့် မက်ဆင်ဂျာအင်တာဗျူးတွင် အင်တာဗျူးကို အဆုံးသတ်ခြင်းသည် ရုတ်ချည်းဖြစ်ခြင်းကြောင့် အဆုံးသတ်ရန် ပို ခက်ခဲပါသည်။ [၂၈]

## ၂.၄။ အီးမေးလ်အင်တာဗျူးများ – ဖြေဆိုသူဆန္ဒရှိသည့် အချိန် နှင့်/သို့မဟုတ် နေရာအပေါ် မူတည်၍ ဆက်သွယ်မှု

တယ်လီဖုန်းနှင့် မက်ဆင်ဂျာအင်တာဗျူးများကဲ့သို့ အီးမေးလ်အင်တာဗျူး၏ အားသာချက်များအနက် တစ်ခုမှာ ဆက်သွယ်မှုနေရာကိုက်မဖြစ်ခြင်းကြောင့် လူချင်းတွေ့ဆုံအင်တာဗျူးများနှင့် နှိုင်းယှဉ်ပါက ပါဝင်သူများနှင့် အဆက်အသွယ် ကျယ်ကျယ်ပြန့်ပြန့် ရရှိစေပါသည် (COOMBER, 1997)။ မက်ဆင်ဂျာအသုံးပြုခြင်းကဲ့သို့ အီးမေးလ်အသုံးပြုခြင်း၏ အားနည်းချက်တစ်ခုမှာ လူမှုရေးနိမိတ်ပြသင်္ကေတများ လုံးဝမရှိခြင်း ပင် ဖြစ်သည်။ ထို့ကြောင့် အီးမေးလ်ဖြင့် အင်တာဗျူးခြင်းသည် "ဆက်သွယ်မှုအတွက် အကန့်အသတ်ရှိသည် မှတ်တမ်းတစ်ခုသာ ဖြစ်သည်" (BAMPTON & COWTON, 2002 စာပိုဒ် ၂၅)။ အထက်ပါ စာပိုဒ်တွင် ဆွေးနွေးပြီး ဖြစ်သကဲ့သို့ စိတ်ခံစားချက်ပြ သင်္ကေတများအသုံးပြုခြင်းသည် ဤ အားနည်းချက်၏ အကျိုးဆက်များကို လျှော့ချနိုင်စေသည်။ အင်တာဗျူးဖြေဆိုသူ၏ ပြောစကားအရ စိတ်ခံစားချက်သင်္ကေတများ အသုံးပြုခြင်းသည် အမြဲတမ်း မသင့်လျော်ကြောင်း အင်တာဗျူးမေးမြန်းသူက အမြဲ သတိပြုရမည် ဖြစ်သည်။ အင်တာဗျူးဖြေဆိုသူ တစ်ဦးချင်းစီတွင် ကိုယ်ပိုင်ဆက်သွယ်ပြောဆိုမှုပုံစံရှိခြင်းကြောင့် သင့်လျော်သည့် ပုဂ္ဂလိက အွန်လိုင်း ဆက်သွယ်မှုပုံစံ ကို ချမှတ်ရမည် ဖြစ်သည် (KIVITS, 2005)။ စိတ်ခံစားချက်ပြ သင်္ကေတများ အသုံးပြုခြင်းအပေါ် ပိုလွန်ခန့်မှန်းခြင်းအတွက် သတိပေးသည့် သုတေသနပညာရှင်များရှိပါသည်။ "စိတ်ခံစားချက်ပြ သင်္ကေတများ ပါဝင်သည့် အီးမေးလ်စာတိုများသည် အဆိုပါ သင်္ကေတများ မပါရှိသည့် စာတိုများထက် ကွဲပြားသည့် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုများ မထွက်ပေါ်စေပါ" (WALTHER & D'ADDARIO, 2001, p.342)။ [၂၉]

ဆက်သွယ်မှုနေရာကိုက်မဖြစ်ခြင်း၏ အခြားအားသာချက်မှာ အနှောင့်အယှက်ပေးသည့် နောက်ခံ ဆူညံသံများအား အသံဖမ်းယူမှု မရှိခြင်းပင် ဖြစ်သည်။ အီးမေးလ် အင်တာဗျူးခြင်းတွင် အမှန်အားဖြင့် နောက်ထပ် အားသာချက် ရှိပါသည်။ ၎င်းအားသာချက်မှာ အင်တာဗျူးမေးမြန်းသူက မေးခွန်းများကို ဖော်ထုတ်နိုင်ပြီး အချိန်နှင့် နေရာ လွတ်လပ်ခြင်းကြောင့် နှောင့်ယှက်သည့် ဆူညံသံမရှိဘဲ အင်တာဗျူး ဖြေဆိုသူသည် သက်တောင့်သက်သာဖြင့် ဖြေဆိုနိုင်သည်။ [၃၀]

ဆက်သွယ်မှုနေရာကိုက်မရှိခြင်းတွင်လည်း အားသာချက်ရှိသည်။ ၎င်းအားသာချက်မှာ အီးမေးလ် အင်တာဗျူးသည် ခရီးသွားစရိတ်များ မရှိခြင်းကြောင့် လူချင်းတွေ့ဆုံ အင်တာဗျူးထက် ကုန်ကျစရိတ်သက်သာပါသည်။ အခြားတစ်ဖက်တွင်လည်း ဤနည်းစနစ်သည် အချိန်အပြောင်းအလဲ ယူပါသည်။ ဆက်သွယ်ရာတွင် အချိန်ကိုက်မဖြစ်ခြင်းကြောင့် အင်တာဗျူးဖြေဆိုသူသည် မေးခွန်းများကို မဖြေဆိုခင် တခါတရံတွင် ရက်ပေါင်းများစွာ သို့မဟုတ်

ရက်သတ္တပတ်ပေါင်းများစွာ စောင့်ဆိုင်းနေရသည်။ အင်တာဗျူးဖြေဆိုသူသည် သုတေသနအပေါ် စိတ်ပါဝင်စားမှု လျော့နည်းစေမည့် အန္တရာယ်သာမက မေးခွန်းအား ပြန်ကြားဖြေဆိုရန် မေ့လျော့သည့် အန္တရာယ်ပါ ဖြစ်ပေါ်လာနိုင်သည် (KIVITS, 2005)။ အင်တာဗျူးဖြေဆိုမည့်သူထံ သင့်လျော်သည့်အချိန်တွင် သတိပေးစာ ပေးပို့ခြင်းဖြင့် ဤပြဿနာကို လျော့ချနိုင်သည်။ [၃၁]

အီးမေးလ်အင်တာဗျူးဖြင့် ဆက်သွယ်မှုအချိန်ကိုက်ဖြစ်ရန် ဖြစ်နိုင်ချေရှိသည်။ အားသာချက်အနေဖြင့် အင်တာဗျူးဖြေဆိုသည် လူမှုရေးအရဆန္ဒမရှိသည့် အဖြေကို ပြောကြားရန် တွန့်ဆုတ်မှုမရှိဘဲ ဆက်တိုက်ဖြေကြားနိုင်သည့် အခွင့်အလမ်း နည်းပါးသော်ငြား အင်တာဗျူးဖြေဆိုသူတွင် မေးခွန်းကို ဖြေဆိုရန် အချိန်ပိုမို ရရှိသည်။ ထို့အပြင် ဆက်တိုက်ဖြေကြားခြင်းအပေါ် အခြေပြုခြင်းဖြင့် အင်တာဗျူးအချို့မှ ကောက်ယူထားသည့် အချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိစေပါသည်။ ဤထင်ဟပ်ပြသသည့် အပြုအမူသည် အားနည်းချက် ဖြစ်ပါက သုတေသန မေးခွန်းများအပေါ် မူတည်ပါသည်။ အခြားတစ်ဖက်တွင်လည်း ဝေဝေဆာဆာ ဆွေးနွေးမှု ဖြစ်ပေါ်လာစေရန်အတွက် အင်တာဗျူးမေးမြန်းသူသည် အချိန်ရနိုင်သည့် အားသာချက်ကိုလည်း အီးမေးလ်အင်တာဗျူးက ရရှိစေပါသည် (BAMPTON & COWTON, 2002; KIVITS, 2005)။ [၃၁]

BAMPTON နှင့် COWTON (၂၀၀၂ ခုနှစ် စာပိုဒ် ၇) တို့အရ ဆိုရသော် အီးမေးလ်အင်တာဗျူး၏ သဘောသဘာဝအရ ဆက်သွယ်မှုအချိန်ကိုက်မဖြစ်ခြင်းတွင် "အလုပ်ရှုပ်နေသည့် အင်တာဗျူးဖြေဆိုသူများသည် တစ်ယောက်နှင့် တစ်ယောက် စကားပြောမည့် နှစ်ဦးနှစ်ဖက် အဆင်ပြေမည့်အချိန်ကို သတ်မှတ်မေးမည် မဟုတ်သည့်" ထင်ရှားသည့် အားသာချက် ရှိပါသည်။ ထို့အပြင်

> "ဆက်သွယ်မှုများကြား အချိန်ကြာကြာယူခြင်းကို ခွင့်ပြုရာတွင် အီလက်ထရွန်နစ်နည်းဖြင့် အင်တာဗျူးခြင်းသည် အင်တာဗျူးဖြေဆိုသူအား မေးခွန်းတစ်ခုကို တုံ့ပြန်ဖြေဆို နိုင်ရန်အတွက် အချိန်ပေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် အင်တာဗျူးဖြေဆိုသူသည် မည်သည့် အရင်းမြစ်များအပေါ် အခြေခံ၍ ကောက်ချက်ဆွဲ ဖြေဆိုခြင်းအား သုတေသန ပညာရှင်က မသိရှိသော်လည်း လိုအပ်လိမ့်မည့် အချက်အလက်များကို ရှာဖွေသည့် အခွင့်အလမ်း ရရှိစေသည်" (စာပိုဒ် ၈)။ [၃၃]

"အင်တာဗျူးမေးမြန်းသူသည် လူချင်းတွေ့ဆုံ အင်တာဗျူးအတွက် ကျွမ်းကျွမ်းကျင်ကျင် လုံလုံလောက်လောက် စကားပြော မကျွမ်းကျင်ပါက ဘာသာခြားစကားဖြင့် အင်တာဗျူးရန် ဖြစ်နိုင်ချေရှိကြောင်း" ၎င်းတို့က မှတ်ချက်ပြုပါသည် (စာပိုဒ် ၁၉)။ အဆိုပါ အင်တာဗျူးများအတွက် များစွာအသုံးဝင်သည့် ဘာသာပြန်ကိရိယာကို http://babelfish.altavista.com တွင် တွေ့ရှိရသည်။ သို့သော် "(...) မျက်နှာချင်းဆိုင် နည်းဖြင့် ရရှိနိုင်သည့် လူမှုရေး နိမိတ်ပြသင်္ကေတများ မရှိခြင်းကြောင့် ယဉ်ကျေးမှုနှင့် ဘာသာစကား အတားအဆီးများ ဖြစ်ပေါ်လာနိုင်ကြောင်း" ELRON နှင့် VIGODA (2003, p.330) တို့က သတိပေးပါသည်။ [၃၄]

ဆက်သွယ်ရာတွင် နေရာနှင့် အချိန်ကိုက်မဖြစ်ခြင်းကြောင့် ကြုံတွေ့ရသည့် အားသာချက်နှင့် အားနည်းချက်များ အပြင် မက်ဆင်ဂျာအင်တာဗျူးမှာကဲ့သို့ အသုံးပြုသည့် နည်းပညာအပေါ်မူတည်၍ အားသာချက်နှင့် အားနည်းများ ရှိပါသည်။ ပထမအချက်အနေဖြင့် အီးမေးလ်အင်တာဗျူး ရလဒ်အား ကွန်ပျူတာတွင် တိုက်ရိုက် ဒေါင်းလုပ်ချ အချက်အလက်သိမ်းဆည်းနိုင်သည့်အတွက် မှတ်တမ်းပြန်ရေးသည့် အချိန် မလိုအပ်ပေ။ အီးမေးလ်အင်တာဗျူးနှင့် ပတ်သက်၍ "အချိန်နှင့် ငွေကြေးရင်းမြစ်များကို သိသိသာသာ ကုန်ကျစရိတ် နည်းပါးစေပြီး အထူးသဖြင့် ခရီးသွားရန် လိုအပ်ချက်နှင့် အသံသွင်းတိပ်ခွေကို မှတ်တမ်းပြန်ရေးရန် လိုအပ်ချက်များကို လျှော့ကျစေကြောင်း" BAMPTON နှင့် COWTON (၂၀၀၂ ခုနှစ်၊ စာပိုဒ် ၂၅) တို့က ဖော်ပြသည်။ [၃၅]

ဒုတိယအချက်အနေဖြင့် အီးမေးလ်အင်တာဗျူးတွင် မှတ်စုလိုက်ယူရန် မလိုအပ်ပေ။ အကြောင်းရင်းမှာ အင်တာဗျူး ဖြေဆိုသူထံ မေးခွန်းအသစ်များကို မပို့ခင် ဖြေဆိုပြီးဖြစ်သည့် မေးခွန်းနှင့် အဖြေများအား ကျော်သွားနိုင်ခြင်းကြောင့် ဖြစ်သည် (MARKHAM, 2004)။ [၃၆]

တတိယအချက်မှာ အချက်အလက်များကို ရိုးစင်းစွာ အဆက်မပြတ် ကောက်ယူနိုင်မည့် အခွင့်အလမ်း ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အင်တာဗျူးမေးမြန်းသူက ဆောင်ရွက်သင့်ခြင်းဆိုသည်ထက် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်။ ဤအချက်သည် သုတေသနရည်ရွယ်ချက်ထက် ကျော်လွန်နေပါသည်။ [၃၇]

စတုတ္ထအချက်အနေဖြင့် အီးမေးလ်အင်တာဗျူးကို အဆုံးသတ်ခြင်းသည် အလွန်ရိုးပျသည်ဟု ထင်ရသည်။ အချို့အီးမေးလ် အပြန်အလှန်တုံ့ပြန်မှုများသည် ရိုးစင်းစွာ တဖြည်းဖြည်းချင်း ကွယ်ပျောက်သွားနိုင်ပါသည်။ အခြားသူများကမူ ဆုမွန်ကောင်းတောင်းကာ နှုတ်ဆက်ခြင်းဖြင့် အင်တာဗျူးကို အဆုံးသတ်ကြသည်။ သို့သော် MANN နှင့် STEWART (2000, p.157) တို့အရ ဆိုသော် “အပြန်အလှန်ပြောဆိုဆွေးနွေးချက်သည် အသေးစိတ်နှင့် ရှည်လျားစွာ ဆွေးနွေးနေပါက အဆုံးသတ်ရန် ခက်ခဲပေလိမ့်မည်”။ [၃၈]

# ၃။ အနှစ်ချုပ်

လူချင်းတွေ့ဆုံအင်တာဗျူးနှင့် တယ်လီဖုန်းအင်တာဗျူးအပြင် အီးမေးလ်နှင့် မက်ဆင်ဂျာကဲ့သို့ ဆက်သွယ်ရေး လမ်းကြောင်း အသစ်ပုံစံများသည် အရည်အသွေးအခြေပြုသုတေသနပညာရှင်များက အချက်အလက် ကောက်ယူ ခြင်းအတွက် နည်းလမ်းအသစ်များ ဖော်ထုတ်ပေးသည်။ သုတေသနပညာရှင်က ရွေးချယ်ထားသည့် အင်တာဗျူး နည်းစနစ်ပုံစံသည် အင်တာဗျူးနည်းစနစ်တိုင်းနှင့် ဆက်စပ်နေသည့် အားသာချက်နှင့် အားနည်းချက်များအပေါ် မူတည်နိုင်သည်။ [၃၉]

အချက်အလက်ကောက်ယူရန်အတွက် လူချင်းတွေ့ဆုံ အင်တာဗျူးအသုံးပြုခြင်းသည် အောက်ပါအခြေအနေများတွင် လိုလိုလားလား ဆောင်ရွက်ကြသည်–

- အင်တာဗျူးဖြေဆိုသူ၏ စိတ်ခံစားချက်နိမိတ်ပြသင်္ကေတများသည် အင်တာဗျူးမေးမြန်းသူများအတွက် အလွန်အရေးပါသည့် အချက်အလက် အရင်းမြစ်များ ဖြစ်ခြင်း (သုတေသနပြဿနာအပေါ် မူတည်ခြင်း)။
- အင်တာဗျူးမေးမြန်းသူတွင် ခရီးသွားလာရန် လုံလောက်သည့် ဘက်ဂျက်နှင့် အချိန်ရှိရမည် သို့မဟုတ် အင်တာဗျူးဖြေဆိုသူသည် အင်တာဗျူးမေးမြန်းသူအနားနေထိုင်သူဖြစ်ခြင်း။
- အင်တာဗျူးအခြေအနေကို စံသတ်မှတ်ချက်ပြုခြင်းသည် အရေးကြီးခြင်း။ [၄၀]

အချက်အလက်များအား ကောက်ယူခြင်းအတွက် တယ်လီဖုန်းအင်တာဗျူးအသုံးပြုခြင်းကို အောက်ပါအခြေအနေ များတွင် ပို လိုလားကြသည်–

- အင်တာဗျူးမေးမြန်းသူအတွက် အင်တာဗျူးဖြေကြားသူမှ စိတ်ခံစားချက်နိမိတ်ပြသင်္ကေတများသည် အနည်းငယ်အရေးပါသော သို့မဟုတ် အရေးပါမှုမရှိသော အချက်အလက် ရင်းမြစ်များ ဖြစ်ခြင်း (သုတေသနပြဿနာအပေါ် အမှန်အားဖြင့် မူတည်ခြင်း)။
- ခရီးသွားလာရန်အတွက် အင်တာဗျူးမေးမြန်းသူတွင် ဘက်ဂျက်နှင့် အချိန် အနည်းငယ်သာ ရှိခြင်း။
- (ဆေးရုံများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ထောင်များ၊ စစ်တပ်နှင့် အစွန်းရောက်ဘာသာရေးဂိုဏ်းများ ကဲ့သို့) လုပ်ငန်းခွင် နေရာမှ အပြင်ထွက်ခွင့်မရသူ သို့မဟုတ် အပြင်ထွက်ခွင့် အကန့်အသတ်ရှိသူများ နှင့်အဆက်အသွယ်ရရှိရန် ရှာဖွေခြင်း။
- အင်တာဗျူးအခြေအနေကို စံသတ်မှတ်ပြုခြင်းသည် အရေးတကြီး ဆောင်ရွက်ရန် မလိုခြင်း။

- အမည်ဝှက်အသုံးပြုမှုအချို့ လိုအပ်ခြင်း။ [၄၁]

အောက်ဖော်ပြပါအခြေအနေများတွင် မက်ဆင်ဂျာအင်တာဗျူးများအသုံးပြု၍ အချက်အလက်များ ကောက်ယူခြင်းကို ပိုမို လိုလားသည်–

- အင်တာဗျူးမေးမြန်းသူအတွက် အင်တာဗျူးဖြေဆိုသူ၏ စိတ်ခံစားချက်နိမိတ်ပြသင်္ကေတများသည် အရေးမပါသည့် အချက်အလက် ရင်းမြစ်များဖြစ်ခြင်း (သုတေသနပြဿနာအပေါ် အခြေခံခြင်း)။
- ခရီးထွက်ရန်အတွက် အင်တာဗျူးမေးမြန်းသူတွင် ဘက်ဂျက်နှင့် အချိန် အနည်းငယ်သာ ရှိခြင်း။
- (ဆေးရုံများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ထောင်များ၊ စစ်တပ်နှင့် အစွန်းရောက်ဘာသာရေးဂိုဏ်းများ ကဲ့သို့) လုပ်ငန်းခွင် နေရာမှ အပြင်ထွက်ခွင့်မရသူ သို့မဟုတ် အပြင်ထွက်ခွင့် အကန့်အသတ်ရှိသူများနှင့်အဆက်အသွယ်ရရှိရန် ရှာဖွေခြင်း။
- အင်တာဗျူးအခြေအနေကို စံသတ်မှတ်ပြခြင်းသည် အရေးတကြီး ဆောင်ရွက်ရန် မလိုခြင်း။
- အမည်ဝှက်အသုံးပြုမှုအချို့ လိုအပ်ခြင်း။
- အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူနှစ်ဦးစလုံးသည် စာရိုက်ရာတွင်နှင့် ကွန်ပျူတာအသုံးပြုရာတွင် (ကွန်ပျူတာလက်လှမ်းမီ အသုံးပြုနိုင်ခွင့်) လုံလောက်သည့် ကျွမ်းကျင်မှုအရည်အချင်းရှိခြင်း။ [၄၂]

အောက်ဖော်ပြပါ အခြေအနေများတွင် အချက်အလက်များကောက်ယူရန်အတွက် အီးမေးလ်အင်တာဗျူးများကို အသုံးပြုကြသည်–

- အင်တာဗျူးမေးမြန်းသူအတွက် အင်တာဗျူးဖြေဆိုသူ၏ စိတ်ခံစားချက်နိမိတ်ပြသင်္ကေတများသည် အရေးမပါသည့် အချက်အလက် ရင်းမြစ်များဖြစ်ခြင်း (သုတေသနပြဿနာအပေါ် အခြေခံခြင်း)။
- ခရီးထွက်ရန်အတွက် အင်တာဗျူးမေးမြန်းသူတွင် ဘက်ဂျက်နှင့် အချိန် အနည်းငယ်သာ ရှိခြင်း။
- (ဆေးရုံများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ထောင်များ၊ စစ်တပ်နှင့် အစွန်းရောက်ဘာသာရေးဂိုဏ်းများ ကဲ့သို့) လုပ်ငန်းခွင် နေရာမှ အပြင်ထွက်ခွင့်မရသူ သို့မဟုတ် အပြင်ထွက်ခွင့် အကန့်အသတ်ရှိသူများနှင့်အဆက်အသွယ်ရရှိရန် ရှာဖွေခြင်း။
- အင်တာဗျူးအခြေအနေကို စံသတ်မှတ်ပြခြင်းသည် အရေးတကြီး ဆောင်ရွက်ရန် မလိုခြင်း။
- အမည်ဝှက်အသုံးပြုမှုအချို့ လိုအပ်ခြင်း။
- အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူနှစ်ဦးစလုံးသည် စာရိုက်ရာတွင်နှင့် ကွန်ပျူတာအသုံးပြုရာတွင် (ကွန်ပျူတာလက်လှမ်းမီ အသုံးပြုနိုင်ခွင့်) လုံလောက်သည့် ကျွမ်းကျင်မှုအရည်အချင်းရှိခြင်း။
- အင်တာဗျူးမေးမြန်းသူနှင့် ဖြေဆိုသူများသည် ကမ္ဘာ့ နေရာအနှံ့အပြားရှိ မတူညီသည့် ဒေသစံတော်ချိန်များတွင် နေထိုင်ခြင်းကြောင့် အချိန်ကွာဟချက် ကြီးမားခြင်းနှင့် အချိန်နေရာကိုက် အင်တာဗျူးခြင်းသည် အဖွဲ့ဝင်တစ်ဦးဦး (အင်တာဗျူးမေးမြန်းသူ သို့မဟုတ် ဖြေကြားသူ) အတွက် ညအချိန်တွင် အင်တာဗျူးခြင်းဟု အဓိပ္ပာယ် သက်ရောက်ခြင်း။
- အင်တာဗျူးဖြေဆိုသူသည် ဝေဝေဆာဆာ ဆွေးနွေးနိုင်ရန်အတွက် အချိန်ယူရန် လိုအပ်ခြင်း။[၄၃]

# ၄။ သုံးသပ်ချက်များ

အနှစ်ချုပ်အားဖြင့် အင်တာဗျူးနည်းစနစ် (၄) ရပ်များသည် အခြေခံအားဖြင့် တူညီကြသည့် သဘောတရား အခြေခံမှုများ/ အခြေခံများကို မှီဝေကြပြီး သုတေသနတွင် အင်တာဗျူးများ မေးမြန်းခြင်းအတွက် ညီတူညီမျှ အသုံးပြုနိုင်သည်။ သို့သော် အရေးကြီးသည့် ထင်ရှားသည့် စံနှုန်းသတ်မှတ်ချက်တစ်ခုမှာ ရယူရန်လိုအပ်သည့် အချက်အလက်များ၏ သဘောသဘာဝပင် ဖြစ်သည်။ အထူးသဖြင့် လူမှုရေးနိမိတ်ပြသင်္ကေတများ၏ အရေးပါမှု ဖြစ်သည်။

အထက်တွင် ဖော်ပြထားသကဲ့သို့ အကယ်၍ အင်တာဗျူးမေးမြန်းသူက အင်တာဗျူးဖြေဆိုသူအား အစားထိုးမရသည့် အစမ်းသပ်ခံအဖြစ် ရှုမြင်ပြီး ၎င်းထံမှ အလုပ်သမားသမဂ္ဂအကြောင်း သဘောထားကို သိရှိလိုပါက လူမှုရေးနိမိတ်ပြသင်္ကေတများသည် အလွန် အရေးပါသည်။ တယ်လီဖုန်းဖြင့် သို့မဟုတ် လူချင်းတွေ့ဆုံ အင်တာဗျူးခြင်းအား ပို၍ လိုလားပါသည်။ ကျွမ်းကျင်ပညာရှင်သည် ၎င်းအတွက် အရေးယူ ဆောင်ရွက်ရန် မလိုအပ်သည့် အကြောင်းအရာများ သို့မဟုတ် လူများအကြောင်း အင်တာဗျူးမေးမြန်းသူက အင်တာဗျူးပါက လူမှုရေးနိမိတ်ပြသင်္ကေတများသည် အနည်းငယ်သာ အရေးပါသည်။ အဆိုပါအခြေအနေများအတွက် အင်တာဗျူး နည်းစနစ် (၄) မျိုးစလုံးသည် အသုံးပြုရန် သင့်လျော်ပါသည်။ [၄၄]

## ကျေးဇူးတင်လွှာ

အကြောင်းအရာအနှစ်ချုပ်ကို ဂျာမန်ဘာသာသို့ ပြန်ဆိုခြင်းအတွက် Carin CUYPERS (Bureau Lara နယ်သာလန်နိုင်ငံ)အား လည်းကောင်း၊ စပိန်ဘာသာသို့ ပြန်ဆိုခြင်းအတွက် Natalia Martin CRUZ (Valladolid တက္ကသိုလ်၊ စပိန်နိုင်ငံ) အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်းများ


Aoki, Kumiko (1995). Synchronous multi-user textual communication in international telecollaboration. *Electronic Journal of Communication*, 5(4). Available at: http://www.cios.org/getfile\AOKI_V5N495 [Access: June 5, 2006].

Archer, Richard L. (1980). Self-disclosure. In Daniel M. Wegner & Robin R. Vallacher (Eds.), *The self in social psychology (*183-204*).* Oxford University Press: London.

Bampton, Roberta & Christopher J. Cowton (2002, May), The e-interview [27 paragraphs]. *Forum Qualitative Sozialforschung / Forum: Qualitative Social Research* [On-line Journal], *3*(2), Art. 9. Available at: http://www.qualitative-research.net/fqs-texte/2-02/2-02bamptoncowton-e.htm [Access: June 5, 2006].

Bryman, Alan (2001). *Social research methods*. Oxford: Oxford University Press.

Burke, Lisa A. & Miller, Monica K. (2001, May). Phone interviewing as a means of data collection: Lessons learned and practical recommendations [30 paragraphs]. *Forum Qualitative Sozialforschung / Forum: Qualitative Social Research* [On-Line Journal], *2*(2), Art. 7. Available at: http://www.qualitative-research.net/fqs-texte/2-01/2-01burkemiller-e.htm [Access: June 5, 2006].

Coomber, Ross (1997). Using the Internet for survey research. *Sociological Research Online*, 2(2). Available at: http://www.socresonline.org.uk/socresonline/2/2/2.html [Access: June 5, 2006].

Elron, Efrat & Eran Vigoda (2003). Influence and political processes in virtual teams. In Cristina B Gibson & Susan G. Cohen (Eds.), *Virtual teams that work: creating conditions for virtual team effectiveness* (pp.317-334). San Francisco: Jossey-Bass.

Emans, Ben (1986). *Interviewen; theorie, techniek en training*. Groningen: Wolters-Noordhoff.

Gergen, Kenneth J.; Gergen, Mary M., & Barton, William H. (1973). Deviance in the dark. In *Psychology Today*, *7*, 129-130.

Joinson, Adam N. (2001). Self-disclosure in computer-mediated communication: The role of self-awareness and visual anonymity. *European Journal of Social Psychology*, *31*, 177-192.

Kivits, Joëlle (2005). Online interviewing and the research relationship. In Christine Hine (Ed.), *Virtual methods; Issues in social research on the Internet* (pp.35-50). Oxford: Berg.

Kvale, Steinar (1983). The qualitative research interview: A phenomenological and a hermeneutical mode of understanding. *Journal of Phenomenological Psychology*, *14*, 171-196.

Mann, Chris & Fiona Stewart (2000). *Internet communication and qualitative research*. London: Sage.

Markham, Annette M. (2004). The Internet as research context. In Clive Seale, Giampietro Gobo, Jaber Gubrium & David Silverman (Eds.), *Qualitative research practice* (pp.358-374). London: Sage.

Morris, Desmond (1994). *The naked ape*. London: Vintage/Ebury.

Pollock, Colleen (2004). *The decline of leisure reading among youth*. Research Inquiry EDTE 517-3. Available at: http://web.mala.bc.ca/education/Courses/INQUIRY/colleen_pollock.rtf [Access: June 5, 2006].

Shachaf, Pnina (2005). Bridging cultural diversity. *Journal of Global Information Technology Management*, *8*(2), 46-60.

Spears, Russel, & Lea, Martin (1994). Panacea or panopticon? The hidden power in computer-mediated communication. *Communication Research*, 21, 427-459.

Walther, Joseph B. & Kyle P. D'Addario (2001). The impacts of emoticons on message interpretation in computer-mediated communication. *Social Science Computer Review*, *19*(3), 324-347.

Wengraf, Tom (2001). *Qualitative research interviewing*. London: Sage.

## စာရေးသူ

Raymond OPDENAKKER သည် အလုပ်သမားရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ စိတ်ပညာပညာကို လေ့လာခဲ့သည်။ သူသည် နည်းပညာတက္ကသိုလ်တွင် ပြင်ပ ပါရဂူဘွဲ့ကြို သင်တန်းကျောင်းသား တစ်ယောက် ဖြစ်သည်။ ၎င်း၏ သုတေသနခေါင်းစဉ်မှာ "ဗာကျူရယ်အဖွဲ့များရှိ မဟာဗျူဟာကျကျ အရှိန်အဟုန်" ဖြစ်သည်။

ဆက်သွယ်ရန်လိပ်စာ

Raymond Opdenakker

Eindhoven University of Technology

Faculty Technology Management

Pav.R.0.22

PO Box 513

5600 MB Eindhoven

Netherlands

E-mail: R.J.G.Opdenakker@tm.tue.nl

## ရည်ညွှန်းရမည့်ပုံစံ

Opdenakker, Raymond (2006, August). Advantages and Disadvantages of Four Interview Techniques in Qualitative Research [44 paragraphs]. Forum Qualitative Sozialforschung / *Forum: Qualitative Social Research*, 7(4), Art. 11, http://nbn-resolving.de/urn:nbn:de:0114-fqs0604118